**၁၀။ ငှက်ပျောရွက်လိပ်/ကပ်လိပ်ပြာ**

**Banana Skipper:** ***Erionota torus*** **(Evans, 1941)**

**Lepidoptera : Hesperiidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





လောက်ကောင်၏ ဦးခေါင်းသည် အနက်ရောင်ရှိပြီး ခန္ဓာကိုယ်သည် အဖြူရောင်ရှိပြီး ဖယောင်းလွှာဖြင့် ဖုံးအုပ်ထားသည်။ ရုပ်ဖုံးကို နေထိုင်စားသောက်သည့် အရွက်လိပ်ထဲတွင်သာ ပြုလုပ်လေ့ရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အရွယ်မရောက်သေးသည့် လောက်ကောင်သည် အရွက်များကိုလိပ်၍ နေထိုင်စားသောက်ဖျက်ဆီးလေ့ရှိသည့်အတွက်ကြောင့် အရွက်များပုံပျက်၍ ပျက်ဆီးနေသည်ကို တွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (၅ –၈)** ရက် |
| လောက်ကောင် အဆင့် | **– (၃ –၄ )** ပတ် |
| ရုပ်ဖုံး အဆင့် | **– (၈–၁၂)** ရက် |
| အကောင်ကြီးအဆင့် | –(၆–၁၂)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ဥမြုံ၊ လောက်ကောင်နှင့် ရုပ်ဖုံးများကို လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၂) ထိသေ၊စားသေအာနိသင်ရှိသော ပိုးသတ်ဆေး တစ်မျိုးမျိုးကို ဆေးအညွှန်း အတိုင်းသုံးပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူး ဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျ ခူးဆွတ်ပါ။

- ကာဘာရိုင်း(Carbaryl)
- လန်မ်ဒါဆိုင်ဟောလိုသရင် (Lambda-Cyhalothrin)
- ဆိုင်ပါမီသရင် (Cypermethrin)
- ဖလူဗန်ဒိုင်ရာမိုက်ဒ် (Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော (Chlorantraniliprole)